မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 19 , 2025 Volume 88 , Number 10


၁၉.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၀.၁၆ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၉၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၄.၅၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၈.၈၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဆိတ်ဈေးကွက်စံချိန်တင်မြင့်တက်လာ




ဆိတ်မွေးမြူရေးဈေးကွက်မှာ ရောင်းတန်းဝင်တဲ့ ဆိတ်အရွယ်အစားအကြီးတွေက တစ်ပေါင်ကို ကျပ် ၅၀၀၀ ဝန်းကျင်ဈေးတန်းရှိပြီး တစ်ပိဿာကို ကျပ် ၁၇,၀၀၀ ကျော်အထိ စံချိန်တက်မြင့်တက်လာနေတာ ဖြစ်တယ်လို့သိရပါတယ်။

“ ပြည်တွင်းမှာ ကုန်ကြမ်းရှားလာတယ်။ဆိတ်ရှားလာတာက အဓိကပါ။တရုတ်ကလည်းအဝယ်ရှိတယ်။ မလေးရှားကလည်း ဝယ်မဲ့အမှာရှိတာသိရတယ်"လို့ ဆိတ်ရောင်းဝယ်ရေးလုပ်ကိုင်သူကပြောပါတယ်။

ဆိတ်ဈေးကွက်မြင့်လာတဲ့အတွက် ဆိတ်အကောင်ရေ ၇၅ ကောင်ကို ငွေကျပ် သိန်း ၅၂၅ သိန်းအထိ ဈေးရရှိနေတယ်လို့သိရပါတယ်။

ဆိတ်အရှင်ခြံဖမ်းဈေးကွက်က လမ်းပန်းဆက်သွယ်ရေးအပေါ်မူတည်သလို နယ်မြေအေးချမ်းမှုရှိခြင်း/မရှိခြင်း အပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိနေတယ်လို့သိရပါတယ်။

ဆိတ်မွေးမြူရေးမှာ ဆိတ်တစ်ကောင်ကို ပိဿာ ၂၀ အထက်အရွယ်ရှိအောင် မွေးမြူသူရှားကြောင်း၊ပိဿာ၂၀ အထက်ကမျိုးပွားဖို့အတွက်အဓိကမွေးတဲ့ ဆိတ်ထီးသာ အများဆုံးရှိတာဖြစ်ပြီး ဈေးကွက်မှာ ၁၀ ပိဿာအထက် ဆိတ်တွေအများဆုံးမွေးမြူကာ ရောင်းဝယ်ကြတာဖြစ်ပါတယ်။ဒါပေမဲ့ ဆိတ်မွေးမြူရေးလုပ်ကိုင်သူအများဆုံးဖြစ်တဲ့ အညာဒေသမှာ ဆိတ်ကို ပိဿာချိန် ၃၀ အထက် ထိမွေးမြူကြပါတယ်။

လက်ရှိမှာ နယ်မြေမတည်ငြိမ်မှုတွေကြောင့် အညာဒေသဘက်မှာလည်း ဆိတ်မွေးမြူရေးလုပ်ကိုင်သူ လျော့ကျလာသလို ကျန်ဒေသတွေမှာလည်း ဆိတ်မွေးမြူသူနည်းလာပါတယ်။၂၀၂၄ ခုနှစ်က ဆိတ်ဈေးကွက်မှာ တစ်ပိဿာကို ၄၀၀၀ ကျပ်သာရတဲ့အထိ ဈေးကျဆင်းခဲ့ပါတယ်။

ဆိတ်တွေက ယခုလိုနေပြင်းတဲ့နွေရာသီဥတုမှာ ကြီးထွားမှုနှုန်းကောင်းပြီး မိုးရာသီမှာတော့ ကြီးထွားမှုနှေးတဲ့အပြင် ရောဂါဖြစ်ပွားကာ သေဆုံးမှုလည်းရှိတတ်ကြောင်း သိရပါတယ်။

**Source:** https://htwettoe.com/

## မအူပင်မြို့နယ်၏ ဆန်၊ စပါးဈေးကွက် အကျဘက်သို့ ရောက်ရှိ



မအူပင်မြို့နယ်သည်ကျေးရွာအုပ်စု ၇၆ အုပ်စုရှိပြီး ယခုအခါကျေးရွာအုပ်စု ၃ ပုံ ၂ ပုံတွင် နွေစပါးနှင့် ရေကျနောက်စိုက်စပါးများ စိုက်ပျိုးလျက်ရှိကြောင်း မအူပင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မအူပင်မြို့နယ်၏ နွေစပါး လျာထားဧက ၈၃,၉၄၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း ၊ တပေါင်းလတွင် နွေစပါးနှင့် ရေကျနောက်စိုက်စပါးများဖြစ်သောစဖိုးသာ၊ကရင်မစပါး၊ ဆင်းသုခစပါးနှင့်ရက် ၉၀ စပါးများသည် ရိတ်သိမ်းပြီး ပွဲစားများနှင့် မအူပင်မြို့ပေါ်ရှိ ဆန်စက်များသို့ စပါးအခြောက် စက်အရောက်ဈေးတင်း ၁၀၀ လျှင် ၁,၆၅၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ GW-11 စ ပါးသာလျှင် ၁,၅၅၀,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်တွင်ကျယ်နေကြောင်း မအူပင်မြို့နယ်ရှိဆန်စက်ပိုင်ရှင်များထံက သိရသည်။

စပါးဈေးအကျသို့ရောက်ရှိရခြင်းမှာ ရန်ကုန်ဘုရင့်နောင် ပွဲရုံမှဝယ်လိုအားကျဆင်းပြီးဒေသတွင်းဈေးကွက်မှာအေးနေသောကြောင့်လည်းကောင်း၊၂၀၂၄-၂၀၂၅ ခုနှစ်ထွက် မိုးစပါးများမိုးများခြင်းကြောင့် အထွက်နောက်ကျခြင်း စပါးရေထိ၍ မိုးစပါးအထွက်နည်းခြင်း၊နွေစပါးရိတ်သိမ်းချိန်အထွက်နှုန်းကောင်းသော်လည်းဖြုတ်ပိုးကျဆင်းခြင်းများရှိသဖြင့်စပါးဈေးအကျဘက်သို့ ရောက်ရှိနေကြောင်း စပါးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source:** https://www.doca.gov.mm/

## Investment Management Exhibition (IME)-2025 (ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅) ကျင်းပမည်

ဂျာမနီနိုင်ငံ၊ Frankfurt မြို့၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ Investment Management Exhibition (IME)-2025 (ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅) သို့ မြန်မာသံရုံးအပါအဝင် မြန်မာနိုင်ငံမှရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပတ်သက်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်တက်ရောက် လေ့လာနိုင်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများအတွက် ပြခန်းများလာရောက်ပြသနိုင်ပါကြောင်း၊ရင်းနှီးမြှုပ်နှံမှုပြပွဲသည် အမျိုးမျိုးသော နယ်ပယ်များနှင့် ကဏ္ဍပေါင်းစုံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် ရည်မှန်းကျင်းပသော နိုင်ငံတကာ အဆင့်မီပြပွဲကြီးဖြစ်ပြီး၊နိုင်ငံအသီးသီးမှ ရင်းနှီးမြှုပ်နှံသူများနှင့်ထိတွေ့ဆွေးနွေးနိုင်ကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာလိုအပ်ချက်များကိုတစ်နေရာတည်းတွင် လေ့လာနိုင်သည့် Global Platform တစ်ခုဖြစ်ကြောင်း သိရသည်။

IME သည် နိုင်ငံအလိုက်၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအခွင့်အလမ်းများအတွက် ဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆိုင်ရာအဖွဲ့အစည်းများ (Investment Promotion Agencies) များနှင့်အခြားသောStakeholderများအကြားအကျိုးရှိစေမည့်ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကွန်ရက်တစ်ခုလည်းဖြစ်ကြောင်း ၊IME သို့ ဂျာမနီ၊ ပြင်သစ်နှင့် အခြားသော ဥရောပနိုင်ငံများ၊ အမေရိကန်နှင့်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများအပါအဝင်နိုင်ငံများစွာမှဝန်ကြီးချုပ်များ၊စီးပွားရေးဝန်ကြီးများနှင့်နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော Investment and Technology Promotion Office of United Nations Industrial Development Organization (UNIDO ITPO) ၊ European Investment Bank (EIB) ၊ OECD နှင့် The German Society for International Cooperation (GIZ) တို့မှ ကိုယ်စားလှယ်များ၊ Investment Promotion Agency များ၊ ဂျာမနီအခြေစိုက်သံရုံးများနှင့်ကောင်စစ်ဝန်ချုပ်ရုံးများမှသံအမတ်ကြီးများနှင့်သံတမန်များ၊Industry Expert များ၊မိသားစုစီးပွားရေးလုပ်ငန်းများ၊ အိမ်ခြံမြေနှင့် အခြေခံ အဆောက်

အဦဆိုင်ရာရင်းနှီးမြှုပ်နှံလိုသူများနှင့်SMEsလုပ်ငန်းရှင်များ၊ဘာသာရပ်ဆိုင်ရာပညာရှင်များတက်ရောက်လေ့ရှိကြကြောင်း၊ ယခုနှစ်ကျင်းပမည့် IME 2025 ကို Investing in Tomorrow, Pathways to a Sustainable Future ဆောင်ပုဒ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းတို့၏ Websiteဖြစ်သော http:// ime-europe. eu/ exhibitors / သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း၊Investment Management Exhibition (IME)-2025 (ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅) သို့ ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊E-mail: event.td.myantrade@gmail.com သို့ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/

## ကြံ့ဝါစိုက်ပျိုး၍ တောင်သူအကျိုးအမြတ်ရ



ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၌ ကြံစိုက်ပျိုးမှု ၇၈ ဧက စိုက်ပျိုးထားရှိပြီး ဈေးကောင်းရရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်အနေဖြင့် တလုပ်လပ်အနောက်ကျေးရွာတွင် ၁ဧကတွင် K-9584 ကြံမျိုးများကိုစိုက်ပျိုးခဲ့သည်။ စိုက်ပျိုးမှု ၁ ဧကတွင် ကြံ့ဝါ ၃၆၀၀ ပင်စိုက်ပျိုးနိုင်သည်။ မျိုးအနေဖြင့် ၃ ဆစ် မျိုးဟုခေါ်ပြီး ၁ပင်ကို ၁၀၀ကျပ်ဖြင့် ဝယ်ယူစိုက်ပျိုးရသည်။ စိုက်နည်းစနစ်မှန်ကန်စေရေး၊ မြေဩဇာစနစ်တကျကျွေးရပြီး စိုက်ပျိုးမြေအနေအထားအရ တစ်ဧကလျှင် ကြံတန်ချိန်အထွက်နှုန်းမှာ ၂၅ တန်ထွက်ရှိမှု လျာထားသတ်မှတ်ခဲ့ရာ ၂၈ တန် ထွက်ရှိလာကြောင်းသိရသည်။

ကြံ့ဝါစိုက်ပျိုးရာတွင်ပထမစိုက်မြောင်းထပ်တိုးခြင်းလုပ်ငန်းလုပ်ဆောင်ရခြင်း၊ ဒုတိယအကြိမ် အပင်ပေါက်အလွှာထိုးအစာလိုက်ပေးရခြင်း၊ တတိယအစားထိုး စိုက်မြောင်းလုပ်ဆောင်ပေးရခြင်းတို့ကို လုပ်ဆောင်ရပြီးရေကို ၁၀ ရက် တစ်ကြိမ်တင်ပေးရကြောင်း၊ နှစ်တစ်နှစ်၏ ဇွန်လတွင် စတင်စိုက်ပျိုးပြီး ၈-၉ လအကြာတွင် ရောင်းတမ်းဝင်သည်။ စိုက်ပျိုးမှုကုန်ကျစရိတ် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ရေတင်ခ၊ အနေဖြင့် ၂၄ သိန်းကျပ် ကုန်ကျကြောင်း သိရသည်။

ကြံချောင်းတစ်ချောင်းကို ၈၀၀ ကျပ် ရရှိခဲ့ပြီး ယခုနှစ်တွင် ၁၀၀၀-၁၂၀၀ ကျပ်အထိ ရရှိကြောင်း၊ စိုက်ပျိုးမှုအပင် ၃၆၀၀ ပင်တွင်အထွက်နှုန်းအနေဖြင့် ၇၀၀၀ ပင်အထိ ထွက်ရှိကြောင်း သိရသည်။ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆ ,၀၀၀, ၀၀၀ ရရှိကြောင်း သိရသည်။

မအူပင်မြို့နယ်မှထွက်ရှိလာသော ကြံများကို ရန်ကုန်သကြားစက်သို့တင်ပို့ရောင်းချရကြောင်း ယခင်နှစ်ထက်ပို၍ ဈေးကောင်း ရရှိကြောင်းနှင့် ဒေသတွင်း ကြံရည်ရောင်းချသူများကလည်း လာရောက်ဝယ်ယူကြကြောင်း ကြံ့ဝါသည် အကျိုးအမြတ်ပေးနိုင်ပြီး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သင့်သည့်သီးနှံတစ်ခုဖြစ်သောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source : DOCA (ဧရာဝတီ)**

## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ခရမ်းသီးများအရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် မတ်လဒုတိယပတ်မှစတင်၍ မတ်လ ၁၇ ရက်နေ့ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊အဆိုပါဒေသတွင်ထွက်ရှိသည့်ခရမ်းသီးများတစ်ရက်လျှင်

အလုံးရေ ၄၀,၀၀၀ မှ ၅၅,၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေထွက်ရှိတဲ့ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာပါ။ကျောင်းကုန်းမြို့နယ်ကနေအခြားဒေသတွေကိုအလုံးရေ ၅၅,၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေပိုးမွှားကင်းရှင်းပြီးအရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။အခုနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလိုအထွက်နှုန်းလဲကောင်းနေတယ်လို့သိရတယ်။ လက်ရှိ ခရမ်းအဝိုင်းသီး၊ အရှည်သီးအမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းမွန်နေတာပါ"ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃,၀၀၀ ဈေးပေါက်နေကြောင်း၊အဆိုပါဒေသထွက်ခရမ်းသီးများအပါအဝင်အခြားကုန်စိမ်းများကိုကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဗီယက်နမ်၏ မော်တော်ယာဉ်ရောင်းအားသည် ၂၀၂၅ ဖေဖော်ဝါရီလတွင် ၈၆ ရာခိုင်နှုန်း မြင့်တက်ခဲ့



ဗီယက်နမ်၏ မော်တော်ယာဉ်ဈေးကွက်သည် ဖေဖော်ဝါရီလတွင် အရှိန်အဟုန်ဖြင့်တိုးတက်မှုကိုမှတ်တမ်းတင်နိုင်ခဲ့ပြီး စုစုပေါင်းမော်တော်ကားရောင်းချရမှုမှာ အစီးရေ ၂၁,၆၀၆ စီးရှိကာ တစ်နှစ်ထက် တစ်နှစ် ၈၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း နိုင်ငံပိုင်ဗီယက်နမ်သတင်းအေဂျင်စီက မတ်လ ၁၃ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ပြည်တွင်း၌ တပ်ဆင်မော်တော်ယာဉ်များ တင်သွင်းမှုထက် သာလွန်ခဲ့ပြီးပြည်တွင်းထုတ်ကားများရောင်းအားလစဉ်အစီးရေ ၁၁,၀၆၇စီးမှ ၂၁ ရာခိုင်နှုန်းတိုးလာကာတင်သွင်းသည့် မော်တော်ယာဉ်များရောင်းအားမှာ ၈ ရာခိုင်နှုန်း မှ ၁၀,၅၃၉ စီးအထိ တိုးလာကြောင်း ဗီယက်နမ်မော်တော်ယာဉ်လုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်သောအချက်အလက် များကို ကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြထားသည်။ဖေဖော်ဝါရီလတွင် ဟိုက်ဘရစ်နှင့် လျှပ်စစ်ကားအစီးရေ ၇၅၆ စီးအထိ ရောင်းချနိုင်ခဲ့ပြီး ဆီစားသက်သာသည့် မော်တော်ကားများသို့ သိသာထင်ရှားသော အပြောင်းအလဲကို သတိပြုမိခဲ့ကြောင်း အသင်းကမှတ်ချက်ပြုခဲ့သည်။

**Source:** https://www.doca.gov.mm

## အီရတ်နှင့်တူရကီတို့သည် လျှပ်စစ်၊ စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့



အီရတ်နိုင်ငံခြားရေးဝန်ကြီး Fuad Hussein သည် လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ရေနံကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးရန်အတွက်တူရကီစွမ်းအင်နှင့်သဘာဝအရင်းအမြစ်ဝန်ကြီး Alparslan Bayraktar နှင့် မတ်လ ၁၆ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နှစ်နိုင်ငံအရာရှိများသည်အီရတ်၏ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် တူရကီကုမ္ပဏီများကိုအားပေးရန် နည်းလမ်းများကိုရှာဖွေခဲ့ကြသည်။ ရာသီအလိုက် ပြတ်တောက်မှုများကိုဖြေရှင်းရန်အတွက် တူရကီသည် အီရတ်နှင့်လျှပ်စစ်ဓာတ်အားရရှိရေး အလားအလာများကို ဆွေးနွေးခဲ့ကြပြီး လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်မှုများကို တတ်နိုင်သမျှအမြန်ဆုံးပြီးမြောက်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားချိတ်ဆက်မှုစီမံကိန်းကိုအရှိန်မြှင့်လုပ်ဆောင်ရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အီရတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသနှင့် မိုဆူးလ်မြို့ ၏ စွမ်းအင်လိုအပ်ချက် တစ်စိတ်တစ်ပိုင်းကိုဖြည့်ဆည်းပေးမည့် တူရကီမှအီရတ်သို့ပေးမည့် လျှပ်စစ်ဓာတ်အားပမာဏနှစ်ဆတိုးရန် နှစ်ဖက်သဘောတူခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် အမေရိကန်နိုင်ငံသည် တီဟီရန်အပေါ် ၎င်း၏အမြင့်ဆုံးဖိအားပေးလှုံ့ဆော်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ဘဂ္ဂဒက်မှလျှပ်စစ်ဓာတ်အားဝယ်ယူမှုအားရပ်တန့်ခဲ့သည်။ဆယ်စုနှစ်များစွာကြာ ပဋိပက္ခများကြောင့် အီရတ်နိုင်ငံသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့်ရင်ဆိုင်နေရသည်။ ရေနံကြွယ်ဝသော်လည်းနိုင်ငံသည် ၎င်း၏လျှပ်စစ်ဓာတ်အားလိုင်းအတွက် အီရန်မှဓာတ်ငွေ့တင်သွင်းမှုအပေါ် အကြီးအကျယ်မှီခိုနေရဆဲဖြစ်သည်။

**Source :** https://www.doca.gov.mm

## သီရိလင်္ကာနိုင်ငံ၏ အုန်းသီးထုတ်လုပ်မှု သိသိသာသာကျဆင်း



သီရိလင်္ကာနိုင်ငံ၏အုန်းသီးထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၃၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တွင် ၃၂ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း နိုင်ငံဗဟိုဘဏ်မှဖြန့်ဝေသည့် စိုက်ပျိုးရေးဆိုင်ရာအချက်အလက် စာစောင်တွင် ဖော်ပြထားသည်။

ကုန်းတွင်းငါးဖမ်းလုပ်ငန်းများကျဆင်းမှုကြောင့် ဒီဇင်ဘာလတွင် ငါးထုတ်လုပ်မှု ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်က သတင်းထုတ်ပြန်ခဲ့သည်။ ဒီဇင်ဘာလတွင် လက်ဖက်ထုတ်လုပ်မှု ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ရော်ဘာထုတ်လုပ်မှုသည် ၂၀၂၄ ဒီဇင်ဘာတွင် ၃၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၂၅ ဇန်နဝါရီတွင် ကျဆင်းသွားကြောင်း ဗဟိုဘဏ်ကပြောသည်။ ၂၀၂၄ ခုနှစ် စတုတ္ထသုံးလပတ်တွင် သီရိလင်္ကာနိုင်ငံ၏ လုပ်သားအင်အား၏ ၂၅ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်ခန့်ထားကြောင်း သိရသည်။

လက်ဖက်၊ရော်ဘာနှင့်အုန်းသီးသည် သီရိလင်္ကာ၏ အဓိကပို့ကုန်သီးနှံသုံးမျိုးဖြစ်သည်။ သို့သော် အုန်းသီးအများစုကို ပြည်တွင်း၌ စားသုံးကြကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

# STOCK EXCHANGE (19.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Mar, 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,452 (Shares) | 14,829,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,200 | 670 | 4,831,000 | 33,109,694 | 241,701 |
| MTSH | 00002 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 1,383 | 4,266,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 30 | 228,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 389 | 700,200 | 29,664,613 | 53,396 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 173 | 493,050 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,500 | 960 | 1,513,500 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 80 | 320,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 767 | 2,477,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Mar, 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.98 | +4.80 | +1.34% | 358.18 | 362.98 | 358.18 | 4,452 | 14,829,150 | 8 | 684,638 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Mar, 2025

| Trading Volume | Trading Value |
|---|---|
| 4,473 (Shares) | 14,894,250 (MMK) |

## Main Board

As of 1:00 pm, 18th Mar, 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,452 (Shares) | 14,829,150 (MMK) |

| MYANPIX | 362.98 ▲ 4.80 |
|---|---|
| Total Volume (shares) | 4,452 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 684,638 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |